# အသင်းတော်ကို အယူမှားဝါဒဖြန့်ခြင်း

YR C NO. 22



**တိမောသေသြဝါဒစာ ပဌမစောင် ၆း၉၊ ၁၀**

"ငွေရတတ်ခြင်းငှါ အလိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဘမ်းမိခြင်း၊ မိုက်မဲဖျက်ဆီးတတ်သော တပ်မက်ခြင်းများထဲသို့ ကျရောက်တတ်ကြ၏။... အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း။ လူအချို့တို့သည် ငွေကိုတပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှ လွဲသွား၍၊ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ်ထုတ်ချင်းခပ်အောင် ထိုးကြပြီ။"

## တနင်္ဂနွေနေ့ | အသင်းတော်နှင့် အင်ပါယာအထဲ၌ ပြဿနာများ ၁

ဧကရာဇ်မင်း ဒိုင်အိုကလစ်ရှင်း (Diocletian) အုပ်စိုးခဲ့စဉ် အတောအတွင်း ခရစ်ယာန်များသည် ကြောက်မက်ဖွယ်ကောင်းသည့် နှိပ်စက်ညှဥ်းပန်းမှုကို ခံခဲ့ကြရကြောင်း သင်မှတ်မိလိမ့်မည်။ လူအများသည် ယေရှုအားသူတို့၏ယုံကြည်မှုကို အရှုံးပေးစွန့်လွှတ်ခဲ့ကြ၏။ သို့သော်လည်း၊ အခြားသောလူများစွာကမူ သခင်ယေရှုအတွက်အသက်ရှင်ရန် သတ္တိရှိရှိဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ ၎င်းသည် အလွန်ကြောက်စရာကောင်းသော ဆင်းရဲဒုက္ခခံစားရသည့် ခက်ခဲသောအချိန် ဖြစ်လေ၏။ သို့သော် နှိပ်စက်ညှဥ်းပန်းမှုသည် အသင်းတော်အား ဆက်လက်သန့်ရှင်းစေရန် ကူညီပေးပြီး၊ ချမ်းသာကြွယ်ဝမှုသည် ခရစ်ယာန်များကို တစ်ကိုယ်ကောင်းဆန်သောသူများဖြစ်လာရန် စုံစမ်းသွေးဆောင်ခြင်းဖြစ်ကြောင်းကို ဘုရားသခင်သိ၏။

တစ်ချိန်တည်းတွင်၊ အသင်းတော်သည် ဤပြဿနာများကို ရင်ဆိုင်ကိုင်တွယ်နေရပြီး၊ ရောမအင်ပါယာသည်လည်း အပြောင်းအလဲများစွာနှင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရလေ၏။ ဟောင်းသောအယူမှားယုံကြည်ချက်များက သူတို့၏စိတ်ပါဝင်စားမှုကို ပျောက်ဆုံးစေ၏။ အဘယ်ကြောင့်ဆိုသော် မှားယွင်းသော နတ်၊ ရုပ်ထုဘုရားများမှာ အလွန်များလွန်းသောအတွက်ကြောင့်ဖြစ်ပြီး၊ ထိုအတွက် သူတို့သည် ပူပန်ခဲ့ရ၏။ အစိုးရသည် အကျင့်ပျက်ခြစားမှုများ ပို၍ပို၍တိုးများလာပြီး၊ ဧကရာဇ်မင်းဖြစ်လိုသူများသည် အခြားရောဇ်မင်းဖြစ်လိုသောသူများကို ကြီးမားသောစစ်တပ်များဖြင့် အချင်းချင်းတိုက်ခိုက်ခဲ့ကြ၏။

အနှစ် ၁၂၀ ခန့်ကာလအတွင်းတွင်၊သူတို့ကိုယ်သူတို့ "ဧကရာဇ်" ဟုခေါ်ဆိုသောအမျိုးသားပေါင်း အယောက် ၆၀ ရှိပြီး၊ ထိုအထဲမှ ထိုရာထူးကို ရယူထားသော ၉ ဦးကို အခြားသူများက သတ်ဖြတ်ခဲ့၏။ ဤတိုက်ခိုက်မှုများကြောင့် ခေါင်းဆောင်အားလုံးတိုင်းသည် မိမိ၏လူများ လူဦးရေအရေအတွက်ပိုများလာစေရန် နည်းလမ်းများကို ရှာဖွေခဲ့ကြလေ၏။ ဤကဲ့သို့သော အင်အားသုံး တိုက်တွန်းမှုမျိုးအကြောင်းကို သခင်ယေရှု ဘာပြောခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၆း၅၂။

ဤအချိန်အတွင်းတွင်၊ ရောမစစ်သား ကွန်စတင်တိန်း (Constantine) အမည်ရှိသောသူသည် စစ်တပ်ရာထူးများမှ တဆင့် တက်လာသောသူဖြစ်၏။ သူသည် အများအားဖြင့် အယူမှားသောနေနတ်ဘုရားအား တစ်ခါတရံကိုးကွယ်သောသူသော်လည်း၊ အခြားသော ဗိုလ်ချုပ်ကြီးများနှင့် သီးခြားခွဲခြားထားရန် အဘယ်ကန့်သတ်မှုမှ မရှိခဲ့ပါ။ အဖြစ်အပျက်များက သူ့အား ရောမအစိုးရ၏ အမြင့်ဆုံးအဆင့်သို့ရောက်အောင် ပို့ဆောင်ပေးခဲ့ပြီး၊ သူသည် ရုတ်တရက် အခြားသော "ဧကရာဇ်" ငါးဦးများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရှိခဲ့လေ၏။ ယခုတွင် အင်ပါယာကို ထိန်းချုပ်ရန် အတူတကွလက်တွဲလုပ်ဆောင်ရန် အယောင်ဆောင်သော "ဧကရာဇ်" ခြောက်ဦး ရှိလေသည်။ သို့သော်၊ သူတို့၏တစ်ဦးချင်းစီ၌ အခြားငါးခုကို ဖယ်ရှားပစ်ရန် လျှို့ဝှက်စွာကြိုးစားနေခဲ့ကြ၏။

ကွန်စတင်တိုင်းသည် အချိန်တိုအတွင်းမှာ အသတ်ခံရမှာသေချာဟန်ရှိခဲ့သည်။ ရောမရှိအသင်းတော်၏ ဂိုဏ်းချုပ်ဘုန်းတော်ကြီးထံမှ အကူအညီကြောင့် ကွန်စတင်တိန်းသည် ဧကရာဇ်မင်းအဖြစ် နှစ်ပေါင်းများစွာအုပ်ချုပ်ခဲ့ပြီး၊ အသင်းတော်နှင့် ကမ္ဘာနှစ်ခုလုံးကို အစဥ်ဆက်ပြောင်းလဲစေခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ၎င်းသည် ဧကရာဇ်မင်းကို ကိုးကွယ်ရန်ရောက်ကြောင်း မည်မျှလောက် သင်နားလည်သနည်း။ ထို့နောက် သူ၏အလုပ်ကိုရရန် လူ့အသက်ကိုသတ်ရန် ကြိုးစားခြင်းသည် အဘယ်နည်း။ သူတို့၏စိတ်နှလုံးထဲတွင် သခင်ယေရှုကို အုပ်ချုပ်ခွင့်ပြုခြင်းသည် ထိုသူများအတွက် မည်မျှပိုကောင်းလိုက်မည်နည်း။

## တနင်္လာနေ့ | အတူတကွလုပ်ဆောင်ခြင်း ၂

ပြီးခဲ့သည့်အပတ်က၊ ရောမအင်ပါယာသည် ခရစ်ယာန်များကို နှိပ်စက်ညှဥ်းပန်းခြင်း ရပ်တန့်သွားသောအခါ အသင်းတော် အတွက် အရာများစွာပြောင်းလဲသွားသည်ကို ကျွန်ုပ်တို့သင်ကြားခဲ့ရသည်။ ထိုအချိန်၌ လူများတို့သည် ခရစ်ယာန်ဖြစ်ခြင်းကြောင့် အသတ်ခံရခြင်း မရှိခဲ့ကြတော့ပေ။ ယခင်က ကြောက်လန့်နေသောလူများသည် ယခုတွင် အသင်းတော်သို့ လာရောက် ပူးပေါင်းဝင်လာကြ၏။ အချို့က နာမည်ကျော်ကြားသော အသင်းတော်တွင်ဝင်ရောက်ခြင်းဖြင့် သူတို့သည် ချမ်းသာကြွယ်ဝမှုနှင့် ရာထူးဩဇာအာဏာ ရရှိမည်ဟု မျှော်လင့်ကြသည်။ ဤအရာသည် အသင်းတော်အထဲ၌ ကွဲပြားခြင်းနှင့် အတိုက်အခံများ ယူဆောင်ခဲ့လေ၏။

ရောမစစ်တပ်များသည် တက်လာမည့်ဧကရာဇ်မင်းကို ရွေး ချယ်ပိုင်ခွင့်အတွက်၊ အချင်းချင်းတိုက်ခိုက်နေခြင်းအားဖြင့် အင်ပါယာသည်

ဤထူးခြားသော မှတ်သားစရာအတွေ့အကြုံကို ခံရပြီးနောက်၊ သူသည် ခရစ်ယာန်ဘာသာကို လက်ခံခဲ့သည်ဟု ဆိုသည်။ သို့သော် သူမသေဆုံးမီအထိ ဗတ္တိဇံ (ရေနှစ်ခြင်း) မခံခဲ့ပါ။

ဤအရာသည် အမှန်တကယ်ဖြစ်ပျက်ခဲ့ပါသလား။ မဖြစ်နိုင်ပါ။ ယူစီဘီးယပ်စ် (Eusebius) ၏မူလမှတ်တမ်းက ကွန်စတင်တိန်းသည် ရောမသို့မလာမီ၊ သီတင်းပတ်အနည်းငယ်၌ ကဂလူး (ယခုတွင် ပြင်သစ်နိုင်ငံ ဟုခေါ်တွင်) တွင်ရှိနေစဥ် မက်ခဲ့သည့် အိပ်မက် ဖြစ်သည်ဟု ဆိုခဲ့သည်။ သို့သော် နှစ်အနည်းငယ်အကြာတွင်၊ ယူစီဘီးယပ်စ် (Eusebius) သည် ထိုအဖြစ်အပျက်အကြောင်းကို ထပ်မံ ရေးသားခဲ့သည်။ ဤတစ်ကြိမ်တွင် သူသည် ရောမမြို့အပြင်ဘက်တွင် စစ်သူရဲအယောက် ၄၀,၀၀၀ နှင့်အတူ နေ့လည်ခင်း၌ မြင်တွေ့ခဲ့သည့် ရူပါရုံတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ထို "မျက်မြင်သက်သေ" ၄၀,၀၀၀ တွင် အကြောင်းပြချက်တစ်ခုအနေနှင့် မည်သူတစ်ဦး တစ်ယောက်ကမျှ "ရူပါရုံ" နှင့် ပတ်သက်၍ တစ်စုံတစ်ရာပြောဆိုခြင်း မရှိခဲ့ပါ။



အခြားအဖြစ်အပျက်များတွင်၊ ကျွန်ုပ်တို့အမှန်တကယ်ဖြစ်ပျက်ခဲ့ကြောင်း သိရှိထားသည်မှာ သူ၏အယူမှားဘာသာ၏ယဇ်ပုရောဟိတ်မင်းအဖြစ် ရှည်လျားစွာတာဝန်ထမ်းဆောင်ခြင်း၊ သူသည် အယူမှားမှော်ပညာများကို အသုံးပြုခြင်းနှင့် အတည်ပြုခြင်း၊ အခြားကျန်ရှိသော "ဧကရာဇ်မင်း" ဖြစ်သော သူ၏ယောက်ဖ လစ်စင်နီးယပ်စ် (Licinius) ကိုသတ်ဖြတ်ခြင်း၊ သူ၏သား ခရစ်စ်ပတ် (Crispus) နှင့် နောက်ပိုင်းတွင် သူ၏ဇနီး ဖော်စတာ (Fausta) ကိုသတ်ဖြတ်မှု၊ နေနတ်ဘုရားအား ဆက်လက်ဝတ်ပြုကိုးကွယ်ခြင်း၊ သူသည် နေ၏နေ့ကို မြှင့်တင်၍ ဂုဏ်ပြုခဲ့ခြင်းအကြောင်းလည်း ပါဝင်သည်။

**လက်တွေ့ကျင့်သုံးရန်။** လူအများတို့သည် ကွန်စတင်တိန်းကို ပထမဆုံးခရစ်ယာန်ဧကရာဇ်မင်းဟု ခေါ်ဆိုကြသည်။ သို့သော် အခြားသောသူများက သူ့အသက်တာ၏ (လုပ်ဆောင်ချက်များ သို့မဟုတ် အကျင့်များ) အသီးများက သူသည် ခရစ်ယာန်မဟုတ်ကြောင်း ပြသခဲ့ကြောင်း တွေ့မြင်ခဲ့ကြသည်။ သူသည် ခရစ်ယာန်စစ်တစ်ဦး ဟုတ်မဟုတ် ကျွန်ုပ်တို့သိရန် သမ္မာကျမ်းစာက မည်သို့ကူညီပေးသနည်း။ ရှင်မဿဲခရစ်ဝင် ၇း၁၅-၂၀၊ ဂလာတိသြဝါဒစာ ၅း၁၉-၂၅။ သင်၏အသက်တာအကြောင်းကို ဆန်းစစ်၍ စဥ်းစားပါ။ သင့်အသက်တာသည် ဝိညာဥ်တော်၏အသီးအပွင့်များကို ဖော်ပြနေပါသလား။

## သောကြာနေ့ | ကွန်စတင်တိန်းနှင့် အသင်းတော် ၄

အေဒီ ၃၀၀ ပြည့်လွန်နှစ် အစောပိုင်းတွင်၊ ရောမမြို့ရှိအသင်းတော်ခေါင်းဆောင်များသည် ဧကရာဇ်မင်းအား အာဏာလွှမ်းမိုးနိုင်သောအထောက်အပံ့များပေးခဲ့ကြောင်း တွေ့ခဲ့ရသည်။ ကွန်စတင်င် တိန်း၏ ဩဇာလွှမ်းမိုးခြင်းသည် ထိုနှစ်များအတွင်း ဖွံ့ဖြိုးတိုးတက်နေသောအသင်းတော်၌ အခြားသူများထက် ပို၍အားကောင်းခဲ့သည်။ အကြောင်းမလုစွာဖြင့်၊ သူ၏ဩဇာလွှမ်းမိုးမှုသည် အသင်းတော်၏ မှန်ကန်သောတာဝန်၊ ရည်ရွယ်ချက်ကို အမြဲတမ်းလိုလို ထိခိုက်နစ်နာစေလေ၏။ ရှင်လုကာခရစ်ဝင် ၁၁း၂၃။

ဝမ်းနည်းစရာမှာ၊ ဩဇာအာဏာရှိသောအသင်းတော်ခေါင်းဆောင်များသည် သူ၏ဩဇာအာဏာလွှမ်းမိုးခြင်းကို ကြိုဆိုခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် သူသည် သူ့အားထောက်ခံ၊ ထောက်ပံ့ပေးသူများကို အမြဲတမ်းဂရုစိုက်ပြီး ပြန်လည်ထောက်ပံ့ပေးခဲ့သောကြောင့် ဖြစ်သည်။ ခေါင်းဆောင်အချို့သည် သူတို့၏အကူအညီအတွက် သူ၏ ဩဇာလွှမ်းမိုးမှုကိုအလိုရှိခဲ့ကြသောကြောင့်ဖြစ်ပြီး၊ ထို့နောက်တွင်၊ ဧကရာဇ်မင်းသည် အငြင်းပွားမှုရှိနေသော ခရစ်ယာန်များအကြားတွင် ထိုအငြင်းပွားမှုများကိုဖြေရှင်းဖို့ရန် ပို၍ပို၍ပါဝင်လာခဲ့သည်။



ကွန်စတင်တိန်းသည် လူများအား ခရစ်ယာန်များဖြစ်လာဖို့ရန် အလွန်အားပေးတိုက်တွန်းခဲ့လေ၏။ သို့သော် သင်ထင်မြင်နေသကဲ့သို့၊ သူသည် ကျမ်းစာမသင်ကြားပေးခဲ့ချေ သို့မဟုတ် ဧဝံဂေလိအသင်းစကားဝေငှ၊ တရားဟောခြင်းအစီအစဥ်များလည်း မပြုလုပ်ခဲ့ချေ။ ထိုသို့အစား၊ သူသည် ပြောင်းလဲလာသောသူတိုင်းကို အချိန်ကာလတစ်ခုအထိ အဖြူရောင် အဝတ်အထည်နှင့် ရွှေနှစ်ဆယ်ကို ပေးရန် ကတိကဝတ်ပြုခဲ့သည်။

သူသည် ဂိုဏ်းအုပ်ဘုန်းတော်ကြီးများ၊ အသင်းတော် အကြီးအကဲများနှင့် အသင်းထောက်များ၏အလုပ်များကို လူထုအတွက် ပိုမိုဆွဲဆောင်နိုင်ရန်၊ လူအများသဘောကျရန်လည်း လုပ်ဆောင်ခဲ့သည်။ ထို အသင်းတော်လူကြီးများအနေဖြင့် အခြားသောပြည်သူများ လုပ်ဆောင်ရမည့် ကုန်ကျစရိတ်များလွန်းသောတာဝန်များကို မလုပ်ရဟု အမိန့်ထုတ်ပေးခြင်းဖြင့်၊ သူသည် ဤအရာကို လုပ်ဆောင်ခဲ့သည်။ ရလဒ်အနေဖြင့်၊ ပြောင်းလဲခြင်းမရှိသောလူအုပ်ကြီးများသည် လက်ဆောင်များရရန်နှင့်၊ ပြည်သူ့ဝန်ဆောင်မှုအတွက် အချိန်နှင့် ကုန်ကျစရိတ်များကို သက်သာစေရန်အတွက် ထိုရုံးများကို ပြည့်သည့်အထိ အပြေးအလွှားသွားခဲ့ကြသည်။

ဧကရာဇ်မင်း၏ဩဇာလွှမ်းမိုးမှု အဆိုးဆုံးရလဒ်မှာ မပြောင်းလဲသောသူများစွာတို့သည် အသင်းတော်သို့ ဝင်ရောက်လာခြင်းဖြစ်ခြင်းနှင့် သခင်ယေရှုသည် မည်သို့သောသူဖြစ်ကြောင်း လောကသူလောကသားများကို ပြသရန် အသိဉာဏ်ပညာအစွမ်းသတ္တိ၊ အရည်အချင်း ပျောက်ကွယ်သွားခြင်းတို့ ဖြစ်သည်။ "ဒီမှာခရစ်ယာန်တစ်ယောက်ရှိတယ်။ ယေရှုလိုသူ့အသက်တာကိုရှင်သန်တယ်" လို့ပြောဖို့စိတ်ကူးမရှိခဲ့ဘူး။ "သခင်ယေရှုကဲ့သို့အသက်ရှင်နေသော ခရစ်ယာန်တစ်ယောက် ဤမှာရှိသည်။" ဟုပြောဖို့ရန်စိတ်ကူးတောင် မရှိခဲ့ကြပေ။ ထို့ကြောင့် ခရစ်ယာန်ဘာသာသည် အသက်တာလမ်းစဥ်တစ်ခု သို့မဟုတ် ဘုရားနှစ်သက်သောအကျင့်စရိုက် တစ်ခုတော့ မဟုတ်ပါ။ ၎င်းသည် နာမည်တစ်ခုသာ ဖြစ်သည်။ အမှန်မှာ လုံးဝအဓိပ္ပါယ်မရှိတော့သည့် အမည်တစ်ခုသာ ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** "သင်၏ဘုရားသခင်ထာဝရဘုရား ၏နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်ဆိုနှင့်" ဟူသော အနက်ကား အဘယ်နည်း။ ကျွန်ုပ်တို့သည် ဆိုးညစ်သောစကားများကိုမပြောဘဲ တတိယပညတ်ကို ချိုးဖောက်နိုင်ပါသလား။ လူတစ်ဦးသည် ခရစ်ယာန်ဖြစ်လာသောအခါ ခရစ်တော်၏နာမကို ခံယူပါသလား။ ကျွန်ုပ်တို့သည် သူ၏နာမကိုအချည်းနှီးမဖြစ်အောင် မည်သို့ရှောင်နိုင်မည်နည်း။

© ၂၀၂၃ - My Bible First
www.mybiblefirst.org sales@mybiblefirst.org

လည်း ကြီးမားသောရှုပ်ထွေးမှုထဲ ရောက်ရှိလာခဲ့သည်။

အသင်းတော်၌ တစ်ကိုယ်ကောင်းဆန်မှု၊ ကိုယ်ကျိုးရှာမှုနှင့် အင်ပါယာရှိ မတည်ငြိမ်မှုများတို့ ပေါင်းစည်းထားခြင်းကြောင့်၊ “ဒုစရိုက်လူတည်းဟူသော ပျက်စီးခြင်း၏သား” သည် ပေါ်ပေါက်လာပြီး၊ အသင်းတော်ထဲသို့ ကြီးလေးသောဘေးဒဏ်များ ဝင်ရောက်လာလိမ့်လိမည်ဟု သမ္မာကျမ်းစာပရောဖက်ပြောထားချက်သည် လုံးဝပြည့်စုံခဲ့သည်။ သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၂း၁-၄။

တစ်ကိုယ်ကောင်းဆန်သော အသင်းတော်ခေါင်းဆောင်များနှင့် တစ်ကိုယ်ကောင်းဆန်သော အစိုးရခေါင်းဆောင်တို့သည် ထိုအရာကို အတူတကွလုပ်ဆောင်ခြင်းအားဖြင့် သူတို့လိုချင်သောအရာကို ရနိုင်မည်ဟု ယုံကြည်လာခဲ့ကြ၏။ အသင်းတော်ခေါင်းဆောင်များနှင့် အစိုးရခေါင်းဆောင်များတို့သည် စည်းစိမ်ဥစ္စာ၊ လူကြိုက်များမှု (သို့) ကျော်ကြားမှုနှင့် ရာထူးဩဇာအာဏာကိုသာ လိုချင်ကြသောသူ များဖြစ်သည်။

ခရစ်ယာန်များသည် ဤလောက၏နိုင်ငံများပေါ်အမီသဟဲပြု၍ အကူအညီတောင်းခံခြင်းနှင့် ပတ်သက်၍ သမ္မာကျမ်းစာက မည်သို့ ပြောဆိုထားသနည်း။ ဆာလံကျမ်း ၁၁၈း၈၊ ၉။

နှစ်ပေါင်းရာနှင့်ချီအတွက်၊ ဘုရင်များနှင့် ဧကရာဇ်မင်းတို့သည် လူတို့အားထိန်းချုပ်ရန် အယူမှားဘာသာရေးကို အကောင်းဆုံးနည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ တိုင်းသူပြည်သားများအားလုံးက တူညီသောယုံကြည်ချက်များရှိသည့် ဘာသာရေးတစ်ခုတည်းကို သဘောမတူ၊ မကိုးကွယ်လျှင် တိုင်းပြည်တစ်ခုလုံး သို့မဟုတ် အင်ပါယာတစ်ခုလုံးသည် ပြိုကွဲသွားလိမ့်မည်ဟု သူတို့ယုံကြည်ကြသည်။ ထို့ကြောင့် ရောမဧကရာဇ်ကို ကိုးကွယ်ရတော့မည် ဖြစ်သည်။ သို့သော်၊ အယူမှားယုံကြည်ချက်များမှာ အင်ပါယာကို ဘယ်နည်းနှင့်မျှ မစည်းလုံးနိုင်တော့ချေ။ ရောမအင်ပါယာကို စည်းလုံးစေရန်အတွက်ကြိုးပမ်းရာတွင် ခရစ်ယာန်ဘာသာကို တွန်းအားထောက်ပံ့ရန် ဧကရာဇ်မင်းသည် သူ၏စစ်တပ်ကို ပထမဦးဆုံးအကြိမ် အသုံးပြုလုနီးပါး ဖြစ်ခဲ့၏။

ခရစ်ယာန်ဘာသာကို ထောက်ခံမှုသည် အေဒီ ၃၁၁ မှ စတင်ခဲ့သည်။ ရောမအသင်းတော်၏ဂိုဏ်းချုပ်အုပ်ဘုန်းတော်ကြီး မတ်လ်ချီယာဒပ် (Melchiades) သည် ရောမအင်ပါယာကိုထိန်းချုပ်ရန် ကြိုးစားနေသော “ဧကရာဇ်မင်းများ” တစ်ယောက်ယောက်ထံမှ အကူအညီရယူရန် ဆုံးဖြတ်ခဲ့သည်။ သူသည် ကွန်စတင်တိန်းထံသို့ သူ့အင်ပါယာ၏အချို့နေရာတွင် အုပ်ချုပ်နေသော "ဧကရာဇ်မင်း” က ခရစ်ယာန်များအားနှိပ်စက်ညှဥ်းပန်းနေဆဲဖြစ်သည်ဟု တိုင်ကြားကာ စာတစ်စောင်ရေးခဲ့၏။ မတ်လ်ချီယာဒပ် (Melchiades) က ကွန်စတင်တိုင်းကို “ကျေးဇူးပြုပြီး” သင်၏စစ်တပ်ကို ယူဆောင်လာပြီး၊ ဤ “ အခြားသော ‘ဧကရာဇ်မင်း’ ကို ရပ်တန့်ခိုင်းပါ” ဟု တောင်းပန်ခဲ့၏။

**လက်တွေ့ကျင့်သုံးရန်။** ခရစ်တော်ကိုကိုယ်စားပြုသည်ဟု မိမိကိုယ်ကိုဖော်ပြသော ဤရောမ၏ဂိုဏ်းအုပ်ဘုန်းတော်ကြီးသည် ထောင်နှင့်ချီသောလူတို့ သေဆုံးနိုင်အောင် စစ်ပွဲကို စတင်ရန် ကြိုးစားနေခဲ့သည်။ သူသည် ဘာအမှားကြီး လုပ်မိခဲ့သနည်း။ ယေရမိအနာဂတ္တိကျမ်း ၁၇း၅၊ ၆။

## အင်္ဂါနေ့ | နောက်ဆုံး၌ လွတ်လပ်ခွင့် ၃

ကွန်စတင်တိန်းသည် မတ်လ်ချီယာဒပ် (Melchiades) ၏ စာကို လက်ခံရရှိသောအခါ၊ သူသည်ရောမမြို့ကို ကျူးကျော်ဝင်ရောက်ရန် စဥ်းစားခဲ့၏။ သို့သော် ၎င်းသည် လုပ်ဆောင်ရန် အန္တရာယ်များကြောင်း သူသိ၏။ သူ၏တပ်သည် သေး၍ အခြားတစ်ဘက်က "ဧကရာဇ်မင်း" ၌ ကြီးမားသောတပ်မကြီးရှိသောကြောင့် တိုက်ခိုက်လျှင် သူသည် ဤစစ်ပွဲကို အမှန်တကယ် ရှုံးနိုင်သည်။ ထိုအရာက သူသည်လည်း သူ့အသက်ကို ဆုံးရှုံးမည်ဟု အဓိပ္ပာယ်သက်ရောက်နိုင်သည်။




မတ်လ်ချီယာဒပ် (Melchiades) နှင့် ခရစ်ယာန်များသည် အကူအညီ အလုံအလောက်ရှိနိုင်ကြောင်း ကွန်စတင်တိန်းသည် အသေအချာ မသိခဲ့ချေ။ သို့သော် ရောမမြို့မှ ကိုယ်စားလှယ်များ ရောက်လာပြီး၊ ကျူးကျော်ရန် တောင်းဆိုသောအခါ သူသည် အရေးယူရမည်ဟု ဆုံးဖြတ်ခဲ့သည်။ နောက်ဆက်တွဲ တိုက်ပွဲများ အတွင်း၊ ထောင်နှင့်ချီသောသူများ သေဆုံးခဲ့ရ၏။ သို့သော် ကွန်စတင်တိန်းသည် ထိုစစ်ပွဲကို အနိုင်ရခဲ့ပြီး၊ ရောမမြို့၏ အုပ်စိုးရှင် ဖြစ်လာခဲ့၏။ လွန်ခဲ့သောနှစ်အနည်းငယ်က အုပ်ချုပ်ခဲ့သော “ဧကရာဇ်မင်း” များခြောက်ပါး အနက် ထိုအချိန်တွင် သုံးပါးသာ ကျန်ရစ်ခဲ့လေသည်။

ခရစ်ယာန်များသည် တစ်ဦးအပေါ်တစ်ဦး ရန်ပြုတိုက်ခိုက်နိုင်သလား။ သူတို့သည် ရန်ပြုတိုက်ခိုက်သောအခါ၊ အဘယ်သို့ဖြစ်ပျက်သွားသနည်း။ ဂလာတိဩဝါဒစာ ၅း၁၄၊ ၁၅။

ဤစစ်ပွဲကိုအနိုင်ရပြီး လအနည်းငယ်အကြာတွင် ကွန်စတင်တိန်းသည် သမိုင်းတစ်လျှောက်တွင် အကျော်ကြားဆုံးဥပဒေတစ်ခုကို ပြဌာန်းခြင်းအားဖြင့် ခရစ်ယာန်များအား သူတို့၏အကူအညီအတွက် ဆုချခဲ့သည်။ မီလန်၏အမိန့် (Edict of Milan, A.D. 313) ဟု လူသိများသော အမိန့်၊ အထူးသဖြင့် ခရစ်ယာန်များနှင့် အခြားသူများအားလုံးသည် “သူတို့နှစ်သက်သောဝတ်ပြုကိုးကွယ်မှုပုံစံကို လိုက်လျှောက်ရန် ယခုတွင် လွတ်လပ်စွာရွေးချယ်မှုရှိသင့်သည်” ဟု ကြေငြာခဲ့သည်။

နောက်ဆုံး၌၊ ခရစ်ယာန်များ၊ သူတို့အမြဲတမ်းလိုချင်သောအရာသည် ပြည့်စုံလာ၏။ ယနေ့၌ ၎င်းကို ဘာသာရေးလွတ်လပ်ခွင့် ဟူ၍ ခေါ်ကြသည်။ဘာသာရေးလွတ်လပ်ခွင့်သည် “ရွှေပညတ်” ၏တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ၎င်းကို ရှင်မဿဲခရစ်ဝင် ၇း၁၂ ၌ ဖတ်ပါ။

အကြောင်းမလှစွာဖြင့်၊ ကျွန်ုပ် တို့သည် ကောင်းချီးတစ်ခုရသောအခါ သူတစ်ပါးအား ဝေမျှခြင်းမပြုဘဲ မိမိအတွက်သာ အလွယ်တကူ ထိန်းသိမ်းရန်ကြိုးစားခဲ့ကြသည်။ ထိုသို့ အလွယ်တကူ ထိန်းသိမ်းကြသည်။ ထို့အတူ မတ်လ်ချီယာဒပ် (Melchiades) နှင့် သူ့အပေါင်းအဖော်တို့ လုပ်ဆောင်ခဲ့ကြသည်။ ထိုအကြောင်းကို ဗုဒ္ဓဟူးနေ့သင်ခန်းစာတွင် ကျွန်ုပ်တို့လေ့လာကြရမည်ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** သခင်ယေရှုသည် မက်လ်ချီယာဒပ် (Melchiades) နှင့် အခြားအသင်းတော် ခေါင်းဆောင်များ၏အမှားကို ဖော်ပြရာတွင် ပုံပမာတစ်ခုကို မိန့်တော်မူခဲ့သည်။ သူတို့သည် ဘာလုပ်ဆောင်ခဲ့သည်ကို ထိုပုံဥပမာကိုဖတ်၍၊ မိမိကိုယ်ကို ရှုမှတ်ပါ။ ရှင်မဿဲခရစ်ဝင် ၁၈း၂၃-၃၅။

## ဗုဒ္ဓဟူးနေ့ | ဧကရာဇ်မင်းကို မြှောက်ပင့်ခြင်း ၄

ရောမမြို့မှ တစ်ကိုယ်ကောင်းဆန်သော (သို့) ကိုယ်ကျိုးကိုသာရှာသောအသင်းတော်ခေါင်းဆောင်များသည် ကွန်စတင်တိန်းကို အမှန်တကယ် နှစ်သက်ခဲ့ကြ၏။ သူတို့က သူ့ကို အလွန်ကြိုက်နှစ်သက်သဖြင့် သူ့အကြောင်းနှင့်ပတ်သက်သောပုံပြင်များကိုပါ ဖန်တီးရေးသားခဲ့ကြသည်။ ဤပုံပြင်များထဲမှ မြောက်များစွာသောပုံပြင်များကို အီယူစီဘီးယပ်စ် (Eusebius) အမည်ရှိသော ဂိုဏ်းချုပ်ဘုန်းတော်ကြီးက ရေးသားခဲ့သည်။ ဤသို့ရေးသားခဲ့သော ပုံပြင်များမှ အချို့သော ဥပမာများမှာ-

သူသည် ကွန်စတင်တိန်းအား ဒုတိယမောရှေ ဟုခေါ်၍၊ ဘုရားသခင်က သူ့ကို ဧကရာဇ်မင်းအဖြစ်ခန့်အပ်ခဲ့သည်ဟု ပြောဆိုထား၏။ ကွန်စတင်တိန်း၏ စစ်သူရဲများ အောင်မြင်ခြင်းသည် ဘုရားသခင်က သူ့အတွက် တိုက်ခိုက်ပေးသောကြောင့် ဖြစ်သည်ဟု သူက ပြောဆိုဖော်ပြထားသည်။ သူသည် လူများအား ဧကရာဇ်မင်း ကွန်စတင်တိန်းသည် ဘုရားသခင်ကို ကိုးကွယ်ခြင်း၌ သစ္စာရှိသောသူ၊ ထိုတိုက်ပွဲအထဲ၌ သူ့အား ထိုအောင်မြင်ခြင်းအတွက် အထူးသီးသန့်တဲထဲ၌ သခင်ယေရှုထံ အချိန်နာရီကြာကြာ ဆုတောင်းခဲ့သည်ဟု ပြောဆိုထား၏။ အီယူစီဘီးယပ်စ်က ဘုရားသခင်ကိုယ်တော်တိုင် ဗိုလ်ချုပ်အား တိုက်ပွဲကို တိုက်ခိုက်မှုဖြစ်လာဖို့ရန်အတွက် စီမံကိန်း တစ်ခုပေးခဲ့သည်ဟုလည်း ပြောဆိုထားသည်။



ဤအရာများသည် တစ်ခုမှ အမှန်မဟုတ်ပေ။ မှန်ပါသည်၊ ကွန်စတင်တိန်းသည် အဘယ်နည်းနှင့်မျှ ခရစ်ယာန်တစ်ယောက် မဟုတ်ခဲ့ပေ။ အမှန်တကယ်မှာ သူသည် အယူမှားရောမဘာသာတရား၏ ပုန္တိက္ကမက်မက်စ်မပ်စ် (Pontifex Maxius) ဖြစ်ပြီး ထိုဘာသာတရားမှ မြင့်မြတ်သော ယဇ်ပရောဟိတ်တစ်ဦးဖြစ်သည်။ ထို့ကြောင့် သူတို့သည် အဘယ်ကြောင့် လိမ်လည်ခဲ့ကြသနည်း။ ရှင်ယုဒဩဝါဒစာ ၁၆။

“အကျိုးအမြတ်ကို ရရှိဖို့ရန် လူများအား မြှောက်ပင့်ခြင်း၊” ဖြစ်သည့် ထိုအရာကို သူတို့လုပ်ဆောင်ခဲ့ကြ၏။ သူတို့အားလုံးသည် ထိုအကျိုးအမြတ်ကို မျှော်လင့်ခဲ့ကြသည်မှာ ဧကရာဇ်မင်းသည် သူတို့ကိုသာသဘောကျကြိုက်နှစ်သက်ပါက၊ သူတို့ အလွန်ဆိုးရွားစွာလိုချင်သော ဩဇာအာဏာနှင့် ကြွယ်ဝချမ်းသာမှုကို ပေးလိမ့်မည်ဟု သူတို့အားလုံး မျှော်လင့်ခဲ့ကြသည်။

ထိုအရာသည် သခင်ယေရှုခရစ်တော် အသက်ရှင်နေထိုင်ခဲ့သောနည်းလမ်းအမှန် မဟုတ်ပေ။ ထို့အပြင် ၎င်းသည် သခင်ယေရှု၏ တမန်တော်များ လုပ်ဆောင်ပုံသည်လည်း ထိုနည်းလမ်းအတိုင်း မဟုတ်ပါ။ ၎င်းသည် ရှင်ပေါလု၏ လုပ်ဆောင်ပုံနှင့် မည်မျှကွာခြားကြောင်း သတိပြုပါ။ သက်သာလောနိတ်ဩဝါဒစာ ပဌမစောင် ၂း၃-၆။

**လက်တွေ့ကျင့်သုံးရန်။** သခင်ယေရှု၏ပုံပမာသက်သေကို အတုမယူသောနည်းလမ်းဖြင့် အသက်ရှင်နေထိုင်သည့်အခါတိုင်းတွင်၊ ကျွန်ုပ်တို့သည် ပညတ်တော်များကို ချိုးဖောက်နေကြောင်း သေချာပါသည်။ ဤဂိုဏ်းအုပ်များသည် သူတို့လုပ်ဆောင်ခဲ့သည်အရာများ၌ မည်သည့်ပညတ်များကို လျစ်လျူရှုခဲ့ကြသနည်း။ (ထွက်မြောက်ရာကျမ်း ၂၀း၂-၁၇)

## ကြာသပတေးနေ့ | ကွန်စတင်တိန်း၏ဩဇာလွှမ်းမိုးမှု ၅

ယခုတွင် ကျွန်ုပ်တို့သည် လုံးဝအမှန်တကယ်မနှစ်သက်သော အရာတစ်ခုခုကို လေ့လာဖို့လိုအပ်ပါသည်။ အသင်းတော်နှင့် အင်ပါယာ အကြား ဆက်နွယ်မှုကို အပြည့်အဝနားလည်နိုင်ဖို့ရန်၊ ကျွန်ုပ်တို့သည် ကွန်စတင်တိန်း၏အသက်တာကို ပို၍အနီးကပ် လေ့လာရန် လိုအပ်ပါသည်။ လူအများတို့သည် သူ့ကို ပထမဆုံးခရစ်ယာန်ဧကရာဇ်မင်းအဖြစ် သတ်မှတ်ကြသည်။ ထို့ပြင် ရောမအသင်းတော်သည် ကြီးထွားလာသည်နှင့်အမျှ၊ သူသည် ရောမအသင်းတော်၏သဘောသဘာဝကို များစွာဩဇာလွှမ်းမိုးရန် ကြိုးပမ်းခဲ့သည်မှာ သံသယဖြစ်စရာမရှိချေ။ ယခုတွင် နှိပ်စက်ညှဥ်းပန်းခြင်းသည် အတိတ်ကအကြောင်းအရာအဖြစ်အပျက်တစ်ခုသာ ရှိနေခဲ့လေ၏။

သမ္မာကျမ်းစာက “ထိုသူတို့၏အကျင့် (အသီး) ကိုထောက်၍ သူတို့၏သဘောကို သိကြလိမ့်မည်” ဟု ဆိုထား၏ (ရှင်မဿဲ ခရစ်ဝင် ၇း၁၆)။ ထို့ကြောင့် ကျွန်ုပ်တို့၏မေးခွန်းမှာ ကွန်စတင်တိန်း၏ ဩဇာ လွှမ်းမိုးမှုကား အဘယ်နည်း။ သူ၏အသက်တာသည် မည်သည့်အသီးအမျိုးအစားကို သီးခဲ့သနည်း။ ၎င်းအသီးသည် ဘုရားဝတ်၌မွေ့လျော်ခြင်းလား။ ဝမ်းနည်းစရာအဖြေမှာ၊ သင်ဟုတ်လောက်သည်ဟုမှန်းဆသလို “မဟုတ်” ပါ။

ကွန်စတင်တိန်း၏ အသက်တာ၌ နာမည်အကျော်ကြားဆုံးအဖြစ်အပျက်မှာ သူသည် အရေးကြီးသောစစ်ပွဲမတိုင်ခင် တစ်ရက်တွင် ရရှိခဲ့သည်ဟုဆိုသော “ရူပါရုံ” တစ်ခုဖြစ်သည်။ လာမည့်ပဋိပက္ခအကြောင်းကို သူတွေးဆနေစဥ်၊ အကြောင်းအရာကို စဥ်းစားရင်းရှိနေစဥ်တွင်၊ ကောင်းကင်၌တောက်ပနေသောလက်ဝါးကပ်တိုင်ကို မြင်ခဲ့ရပြီး၊ “ဤနိမိတ်ထဲမှ အောင်မြင်ပါ” ဟု ပြောသောအသံကို ကြားခဲ့ရလေ၏။